မီးငယ်လေး ...

စာတစ်ပုဒ်ဖတ်ဖူးတယ်။
ယောကျ်ားတစ်ယောက်ကို ချစ်ပြတတ်တဲ့မိန်းမဟာ
အဲဒီယောကျ်ားရဲ့နှလုံးသားကို သုံးပုံတစ်ပုံပိုင်တယ်
ကြင်နာတတ်တဲ့ မိန်းမကတော့ သုံးပုံနှစ်ပုံပိုင်တယ်
အဲ .. နားလည်မှုရှိတဲ့ မိန်းမကတော့
အဲဒီယောကျ်ားကို အလုံးစုံပိုင်တော့တာပဲတဲ့။
မီးငယ်လေးက
နားလည်မှုရှိတဲ့မိန်းကလေးဖြစ်မယ်ထင်ပါတယ်။

ကိုကြီး

မီးငယ်လေး ...

ခါးသီးတဲ့ဘဝရဲ့ လှိုင်းတံပိုးတွေကိုကျော်ဖြတ်ဖို့
မေတ္တာဆိုတဲ့ လှေငယ်ကို
ဘုရားသခင်က ဖန်ဆင်းပေးခဲ့တာ။
ကိုယ်က မေတ္တာထားနိုင်တဲ့ပတ်ဝန်းကျင်
ကိုယ့်ကိုမေတ္တာထားတဲ့ပတ်ဝန်းကျင်မှာ
နေရထိုင်ရရင်
ကိုယ့်ဘဝရဲ့ ခက်ခဲတဲ့အခြေအနေကို
သက်သောင့်သက်သာ ကျော်ဖြတ်နိုင်မှာ
အသေအချာပေါ့။
ဘုရားသခင်ပေးတဲ့ လှေကလေးကို
အလဟဿ မဖြစ်စေနဲ့နော်။

ကိုကြီး